7 October, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၃)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (၂၀၁၁-၂၀၁၂ မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဇွန်အထိ)




၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်(ဇွန်အထိ) မြန်မာနိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၅ ဘီလီယံကျော် ဝင်ရောက်ခဲ့သည်။ စက်တင်ဘာ ပထမပတ်က ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၄၄** နှင့် နှိုင်းယှဉ်ပါက တရုတ်နိုင်ငံမှလွဲ၍ အခြားအင်အားကြီးနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုအသစ် ထပ်တိုးဝင်ရောက်ခြင်း မရှိခဲ့သောကြောင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကဏ္ဍသည် ထူးထူးခြားခြား ပြောင်းလဲမှုမရှိပေ။ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ အစိုးရနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရလက်ထက်များတွင် နှစ်စဉ် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပျမ်းမျှ အမေရိကန်ဒေါ်လာ လေးဘီလီယံနှင့် ငါးဘီလီယံကြား ရှိခဲ့သော်လည်း အာဏာသိမ်းပြီးနောက်ပိုင်း၌ ၂၀၂၁ ခုနှစ် ဇွန်အထိ အမေရိကန်ဒေါ်လာ ၃ ဒသမ ၇၆၂ ဘီလီယံသာ ဝင်ရောက်ထားသည်။

ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

7 October, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၃)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ကာလတူနှိုင်းယှဉ်ချက် (၂၀၁၉-၂၀၂၀ နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်)




၂၀၁၉-၂၀၂၀ နှင့် ၂၀၂၀-၂၀၂၁ ကာလတူနှိုင်းယှဉ်ကြည့်ရာတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏသည် စစ်အာဏာသိမ်းပြီး နောက်ပိုင်းတွင် ကျဆင်းသွားခဲ့ပါသည်။ စက်တင်ဘာပထမပတ်က ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၄၄** နှင့် နှိုင်းယှဉ်ပါက ၂၀၂၁ ခုနှစ်မေတွင် NLD လက်ထက် စိစစ်ဆဲစီမံကိန်းများကို ခွင့်ပြုခဲ့သဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏသည် (၂၀၂၀ ပြည့်နှစ် မေ ကာလတူထက်) ပိုများခဲ့သော်လည်း ၂၀၂၁ ခုနှစ် ဇွန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အသစ်မဝင်ခဲ့ခြင်းကြောင့် (၂၀၂၀ ပြည့်နှစ် ဇွန် ကာလတူထက်) ကျဆင်းခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ် ဇွန်တွင် အမေရိကန်ဒေါ်လာ ၂၃၃ ဒသမ ၇၃၁သန်း ရင်းနှီးမြှုပ်နှံမှု ဝင်ရောက်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဇွန်တွင် ၂ ဒသမ ၇၈၇ သန်းသာ ဝင်ရောက်ခဲ့သည့်အတွက် ကာလတူနှိုင်းယှဉ်မှုတွင် ရင်းနှီးမြှုပ်နှံမှု အဆ ၁၀၀ ကျော် ကျဆင်းသွားပါသည်။

ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

7 October, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၃)
## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### နိုင်ငံအလိုက်ရင်းနှီးမြှုပ်နှံမှု (၁၉၈၈-၁၉၈၉ မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဇွန်အထိ)




၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ (ဇွန်အထိ) ဘဏ္ဍာနှစ်အတွင်း မြန်မာနိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမှာ စုစုပေါင်း အမေရိကန်ဒေါ်လာ ၉၃ ဘီလီယံနီးပါး ရှိခဲ့သည်။ လွန်ခဲ့သည့်လက ဖော်ပြခဲ့သည့် **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၄၄** မှ အချက်အလက်များနှင့် နှိုင်းယှဉ်ပါက ဇွန်တွင် ရှိရင်းစွဲစီမံကိန်းတွင် ထပ်မံရင်းနှီးမြှုပ်နှံမှု ဖြည့်တင်းသည့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၈၇ သန်းမှလွဲ၍ ကျန် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုအသစ် လုံးဝ ပြုလုပ်ခဲ့ခြင်းမရှိသည်ကို တွေ့ရပါသည်။ ပုံမှန်အားဖြင့် ဒေသတွင်းနိုင်ငံများက အင်အားကြီးနိုင်ငံများထက် ရင်းနှီးမြှုပ်နှံမှု ပိုမိုဝင်ရောက်လေ့ရှိသော်လည်း ဇွန်တွင်မူ အာဆီယံအဖွဲ့ဝင်နိုင်ငံများ စသည့် ဒေသတွင်းရင်းနှီးမြှုပ်နှံမှုများပါ ထပ်မံ ဝင်ရောက်မှုမရှိတော့သည်ကို တွေ့ရပါသည်။

ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၃)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### အင်အားကြီးနိုင်ငံများနှင့် နိုင်ငံအုပ်စုများ၏ နှစ်အလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (၂၀၁၁-၂၀၁၂ မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဇွန်အထိ)




၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ဇွန်အထိ) မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှု စုစုပေါင်း အမေရိကန်ဒေါ်လာ ၄၉ ဘီလီယံကျော် ဝင်ရောက်ခဲ့သည်။ စက်တင်ဘာလပထမပတ်က ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၄၄** နှင့် နှိုင်းယှဉ်ပါက ၂၀၂၁ ခုနှစ် ဇွန်တွင် အမေရိကန်၊ ဗြိတိန်၊ ဂျပန်၊ အိန္ဒိယ၊ ဥရောပသမဂ္ဂ စသည့် အင်အားကြီးနိုင်ငံများနှင့် အာဆီယံ၏ ရင်းနှီးမြှုပ်နှံမှုများ အသစ်ဝင်ရောက်ခြင်း မရှိခဲ့ပေ။ သို့သော် တရုတ်နိုင်ငံတခုတည်းက မြန်မာနိုင်ငံ၌ ရှိထားပြီးသား စီမံကိန်းများ၌သာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၈၇ သန်း ထပ်မံ ရင်းနှီးမြှုပ်နှံခဲ့သည်။

ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

7 October, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၃)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### နိုင်ငံအလိုက် ရင်းနှီးမြှုပ်နှံမှု အချိုးအစား (၁၉၈၈-၁၉၈၉ မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဇွန်အထိ)




၁၉၈၈-၁၉၈၉ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (ဇွန်အထိ) မြန်မာနိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အများဆုံးပြုလုပ်ခဲ့သော ၁၀ နိုင်ငံတွင် စင်ကာပူက အများဆုံးဖြင့် ဆက်လက်ရပ်တည်နေဆဲဖြစ်သည်။ ၂၀၂၁ ခုနှစ် ဇွန်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအသစ်ဝင်ရောက်ခဲ့ခြင်းမရှိသဖြင့် စက်တင်ဘာ ပထမပတ်ကဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၄၄** နှင့် နှိုင်းယှဉ် ပါကလည်း အပြောင်းအလဲမရှိခဲ့ပေ။ စင်ကာပူနိုင်ငံသည် ၂၆ ၂ဒသမ ၈ ရာခိုင်နှုန်းဖြင့် အများဆုံးရင်းနှီးမြှုပ်နှံထားပြီး တရုတ်နိုင်ငံက ၂၃ ဒသမ ၇ ရာခိုင်နှုန်းဖြင့် ဒုတိယ၊ ထိုင်းနိုင်ငံက ၁၂ ဒသမ ၆ ရာခိုင်နှုန်းဖြင့် တတိယ စသဖြင့် အများဆုံး ရင်းနှီးမြှုပ်နှံထားသည်။

ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၃)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### ကဏ္ဍအလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏအား ကာလတူနှိုင်းယှဉ်ချက် (၂၀၁၉-၂၀၂၀ နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်)




ကဏ္ဍအလိုက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏကို ၂၀၁၉-၂၀၂၀ နှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် (အောက်တိုဘာ-ဇွန်) ကာလတူနှိုင်းယှဉ်ပါက စွမ်းအင်ကဏ္ဍမှလွဲ၍ အခြားကဏ္ဍများတွင် ကျဆင်းခဲ့သည်ကို တွေ့ရသည်။ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၂၈၀ ကျော် ဝင်ရောက်ခဲ့သော်လည်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အမေရိကန်ဒေါ်လာ ၁၃၃ သန်းကျော်အထိ ကျဆင်းခဲ့သည်။ ကုန်ထုတ်လုပ်ရေးကဏ္ဍတွင်လည်း အမေရိကန်ဒေါ်လာ ၇၉၅ သန်းကျော် ဝင်ရောက်ခဲ့ရာမှ ၂၅၆ သန်းကျော်အထိ ကျဆင်းခဲ့ပါသည်။ ထိုကျဆင်းမှုများကို ကြည့်ခြင်းအားဖြင့်လည်း စစ်အာဏာသိမ်းမှု၏ နောက်ဆက်တွဲ အခြေအနေများအပေါ် မြင်သာမှုရှိစေပါသည်။

ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

7 October, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၃)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### လအလိုက်ခွင့်ပြုထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ (၂၀၂၀ ပြည့်နှစ် အောက်တိုဘာမှ ၂၀၂၁ ခုနှစ် ဇွန်အထိ)




စစ်အာဏာသိမ်းပြီးနောက်ပိုင်း အတည်ပြုခဲ့သော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီမံကိန်းအရေအတွက်မှာ ခြောက်ခုသာရှိပါသည်။ ပမာဏအားဖြင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၇ ဘီလီယံကျော် ရှိသောကြောင့် ပမာဏကြီးမားသည့် စီမံကိန်းကြီးများကို အဓိက ခွင့်ပြုခဲ့ခြင်းဖြစ်သည်ကို တွေ့ရသည်။ ထို့အပြင် အများဆုံးရောက်ရှိသောကဏ္ဍမှာ စွမ်းအင်ကဏ္ဍဖြစ်ပြီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၁ ဘီလီယံကျော် ရှိသည်။ စက်တင်ဘာပထမပတ်က ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၄၄** နှင့် နှိုင်းယှဉ် ပါက အပြောင်းအလဲမရှိခဲ့ပေ။ ၂၀၂၁ ခုနှစ် မေတွင် တရုတ်ရင်းနှီးမြှုပ်နှံမှုဖြစ်သည့် မီးလင်းချိုင် စွမ်းအင်စီမံကိန်းသည် ဗြိတိန်ဗာဂျင်ကျွန်းတွင် မှတ်ပုံတင်ထားသော တရုတ်ကုမ္ပဏီများမှတဆင့် ဝင်ရောက်ခဲ့သော်လည်း ဇွန်တွင် ခွင့်ပြုခဲ့သော စီမံကိန်း အသစ် လုံးဝမရှိသည်ကို တွေ့ရသည်။ တရုတ်မှဝင်ရောက်ခဲ့သော အမေရိကန်ဒေါ်လာ နှစ်သန်းကျော်မှာ ရှိရင်းစွဲ စီမံကိန်းများတွင် ထပ်တိုးမြှုပ်နှံခြင်းဖြစ်သည့်အတွက် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းအသစ်အဖြစ် မှတ်တမ်းမဝင်ခဲ့ခြင်း ဖြစ်သည်။

ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

7 October, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၃)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### ကုမ္ပဏီများမှတ်ပုံတင်စာရင်း (၂၀၂၀ ပြည့်နှစ် အောက်တိုဘာမှ ၂၀၂၁ ခုနှစ် ဇွန်အထိ)




နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် အွန်လိုင်းစနစ်ဖြင့် မှတ်ပုံတင်သော ကုမ္ပဏီများ မှတ်ပုံတင်မှုသည် အာဏာသိမ်းပြီးနောက်ပိုင်းတွင် ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီတို့တွင် ခြောက်ဆမှ ခုနစ်ဆနီး ပါးကျဆင်းသွားခဲ့သည်ကို တွေ့ရသည်။ ပစ်ခတ်ဖြိုခွင်းမှုများ ပြင်းထန်ခဲ့သည့် မတ်တွင် ၁၆၃ ခုရှိပြီး ဧပြီတွင် ၂၅၄ ခုသာရှိခဲ့သည်။ စက်တင်ဘာပထမပတ်က ဖော်ပြခဲ့သော **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၄၄** နှင့် နှိုင်းယှဉ်ပါက ၂၀၂၁ ခုနှစ် ဇွန်တွင် မှတ်ပုံတင်သည့် ကုမ္ပဏီ ၈၉ ခု တိုးလာသည်ကို တွေ့ရသည်။ သို့သော် ဇွန်တွင်ရရှိသော မှတ်ပုံတင်အသစ်စာရင်းကို အာဏာမသိမ်းခင် ဇန်နဝါရီနှင့် နှိုင်းယှဉ်ပါက အရေအတွက် ၆၀၀ နီးပါး လျော့ကျနေဆဲဖြစ်သည်။

ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

7 October, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၃)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### စစ်အာဏာသိမ်းပြီးနောက်ပိုင်း ထွက်ခွာ၊ ရပ်နားထားသော နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ

(၂၀၂၁ ခုနှစ် စက်တင်ဘာ ၃၀ ရက်အထိ ရရှိသော စာရင်းဖြစ်သည်)

| ကုမ္ပဏီ/တဦးချင်း | ရင်းနှီးမြှုပ်နှံမှုတန်ဖိုး | အခြေအနေ | ရင်းနှီးမြှုပ်နှံသည့်နိုင်ငံ |
|---|---|---|---|
| **Amata Corporation** | အမေရိကန်ဒေါ်လာ ၁ ဘီလီယံ | ရပ်နားထား | ထိုင်း |
| **Électricité de France** | အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ | ရပ်နားထား | ပြင်သစ် |
| **Sembcorp** | အမေရိကန်ဒေါ်လာ သန်း ၂၃၀ | ရပ်နားထား | စင်ကာပူ |
| **Toyota** | အမေရိကန်ဒေါ်လာ ၅၂ ဒသမ ၆သန်း | ရပ်နားထား | ဂျပန် |
| **Telenor** | အမေရိကန်ဒေါ်လာ သန်း ၆၀၀ တန်ကို ၁၀၅ သန်းဖြင့် ရောင်းချ | ရောင်းချ | နော်ဝေ |
| **Petronas** | - | ပိတ်သိမ်း | မလေးရှား |
| **Hong Kong & Shanghai Hotels** | အမေရိကန် ဒေါ်လာ သန်း ၁၃၀ | ရပ်နားထား | ဟောင်ကောင် |
| **Myanmar Metals** | ရှယ်ယာ ၅၁ရာခိုင်နှုန်းကို အမေရိကန်ဒေါ်လာ သန်း ၃၀ ဖြင့် ရောင်းချ | ရောင်းချ/ထွက်ခွာ | ဩစတေးလျ |
| **Woodside** | - | ရပ်ဆိုင်း/ဖြုတ်သိမ်း | ဩစတေးလျ |
| **AEON** | - | ရပ်ဆိုင်း | ဂျပန် |
| **Kirin Holdings Co., Ltd.** | - | မြန်မာ့စီးပွားရေးဦးပိုင် လီမိတက်နှင့်လက်တွဲဖြုတ် | ဂျပန် |
| **Lim Kaling** | - | မြန်မာ့စီးပွားရေးဦးပိုင် လီမိတက်နှင့်လက်တွဲဖြုတ် | စင်ကာပူ |
| **KOI Bubble Tea Shop** | - | ပိတ်သိမ်း | ထိုင်ဝမ် |
| **Auntie Anne** | - | ပိတ်သိမ်း | အမေရိကန် |
| **Bridgestone** | - | ရပ်ဆိုင်း | ဂျပန် |
| **Metro** | - | ရပ်ဆိုင်း | ဂျာမနီ |

ရည်ညွှန်း - ယခုအချက်အလက်များမှာ မီဒီယာများနှင့် လွတ်လပ်သော အဖွဲ့အစည်းများ၏ ဖော်ပြချက်များကို အခြေပြု၍ ISP-Myanmar က မှတ်တမ်းပြုစုထားခြင်း ဖြစ်ပါသည်။

7 October, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၃)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### တရုတ်၏ ရင်းနှီးမြှုပ်နှံမှု (၂၀၂၀ ပြည့်နှစ် အောက်တိုဘာမှ ၂၀၂၁ ခုနှစ် ဇွန်အထိ)




အာဏာသိမ်းပြီးနောက်ပိုင်းတွင် အာဆီယံအဖွဲ့ဝင်များနှင့် အခြားအင်အားကြီးနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုများ သိသိသာသာ ကျဆင်းသွားသော်လည်း တရုတ်ရင်းနှီးမြှုပ်နှံမှုများက ရပ်တန့်မသွားဘဲ ဆက်ရှိနေသည်ကို တွေ့ရပါသည်။ စက်တင်ဘာ ပထမပတ်က ဖော်ပြခဲ့သည့် **အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၄၄** တွင် ဖော်ပြခဲ့သည့်အတိုင်း မေတွင် အမေရိကန်ဒေါ်လာ ၂ဒသမ ၅ ဘီလီယံတန် မီးလင်းချိုင် စွမ်းအင်စီမံကိန်းကို ဖြိတိန်ဗာဂျင်ကျွန်းစုတွင် မှတ်ပုံတင်ထားသည့် တရုတ်ကုမ္ပဏီက တဆင့် ဝင်ရောက်ခဲ့သဖြင့် တရုတ်ရင်းနှီးမြှုပ်နှံမှု အဖြစ် စာရင်းသွင်းနိုင်ခြင်းမရှိသည်ကို တွေ့ရသည်။ ဇွန်တွင် ရှိရင်းစွဲလုပ်ငန်းတွင် ထပ်မံမြှုပ်နှံမှုပြုလုပ်ခဲ့သောကြောင့်ပမာဏအားဖြင့်နည်းပါးသွားသော်လည်းတရုတ်ရင်းနှီးမြှုပ်နှံမှုကဆက်လက်ဝင်ရောက်နေဆဲဖြစ်သည်ကို တွေ့ရသည်။

ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

7 October, 2021

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၃)

### စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

**ခွင့်ပြုခဲ့သော တရုတ်ရင်းနှီးမြှုပ်နှံမှု အရေအတွက် (၂၀၂၀ ပြည့်နှစ် အောက်တိုဘာမှ ၂၀၂၁ ခုနှစ် ဇွန်အထိ)**




တရုတ်ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအရေအတွက်ကို ကြည့်ပါက ၂၀၂၀ ပြည့်နှစ် အောက်တိုဘာမှ ၂၀၂၁ ခုနှစ် ဇွန်အထိ ကြီးမားသည့် အပြောင်းအလဲမျိုးမတွေ့ရဘဲ လုပ်ငန်းအရေအတွက် ငါးခုအောက်သာ ရှိသည်ကို တွေ့ရပါသည်။ အာဏာသိမ်းပြီးနောက် ဖေဖော်ဝါရီ၊ ဧပြီနှင့် ဇွန်တွင် လုံးဝ ဝင်ရောက်မှုမရှိဘဲ မတ်တွင် တခု၊ မေတွင် နှစ်ခု ဝင်ရောက်မှုရှိခဲ့သည်။

ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန

7 October, 2021

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၅၃)

## စစ်အာဏာသိမ်းပြီးနောက်ပိုင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေအနေ

### နှစ်အလိုက် တရုတ်၏ ရင်းနှီးမြှုပ်နှံမှုပမာဏ (၂၀၁၁-၂၀၁၂ မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဇွန်အထိ)




ဘဏ္ဍာနှစ်အလိုက် တရုတ်ရင်းနှီးမြှုပ်နှံမှုများကို နှိုင်းယှဉ်လေ့လာကြည့်ရာတွင် ၂၀၁၁ခုနှစ်မှစ၍ နိုင်ငံရေးဖြစ်စဉ်အပေါ် မူတည်ကာ တရုတ်ရင်းနှီးမြှုပ်နှံမှုသည် အတက်အကျရှိခဲ့သည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် ဧရာဝတီမြစ်ဆုံစီမံကိန်း ရပ်နားပြီးနောက် ကျဆင်းခဲ့သော်လည်း ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အစိုးရအပြောင်းအလဲကာလတွင် များစွာ မြင့်တက်သွားခဲ့သည်ကို တွေ့ရပါသည်။ စစ်အာဏာသိမ်းပြီးနောက်ပိုင်းတွင်လည်း တရုတ်ရင်းနှီးမြှုပ်နှံမှုများ ဆက်လက်ဝင်ရောက်ဆဲဖြစ်ပြီး ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ဇွန်အထိ အမေရိကန်ဒေါ်လာ ၁၇၂ သန်းကျော် ရင်းနှီးမြှုပ်နှံထားသည်။

ရင်းမြစ် - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန